

# ညီမလေးမမြင့်

## မောင်ချောနွယ်

အသစ်ထပ်မံစုစည်းမှု

mgyoe.com

mgyoe.com

မြောက်ကျွန်းသူ အတုလကာရီရဲ့
တစ်စလယ်ဝင် ထမင်းအိုးလေးဟာ
ရဟန္တာအပါး ၅၀၀ ကို
ဆွမ်းကပ်လှူနိုင်သတဲ့ကွ . . .

ညီမလေးမမမြင့်ရဲ့
ရွှေသားသံယောဇဉ်ကလည်း
ကိုယ့်ဘဝတစ်ခုလုံးကို
ကျန်းမာဝေဆာအောင်
ကဗျာဆရာဖြစ်အောင်
ဖြည့်စွမ်းပေးနိုင်ခဲ့ပါတယ်။

ညီမလေးမမမြင့်
မောင်ချောနွယ်

MCN0005
1,200.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ ပုံနှိပ်သူ - ဒေါ်ဝင်းမာ
သရုပ်ဖော် - ငအိမ်ထက်မြက်
၂၀၁၂၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၂၀၀ ကျပ်

ညီမလေးမမြင့်
မောင်ချောနွယ် -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂၊
စာမျက်နှာ ၉၇၊ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ညီမလေးမမြင့်

mgyoe.com

# မာတိကာ


၁။ မောင်ချောနွယ် ဟုခေါ်ပါသည် ....... ၁
၂။ သစ္စာပန်းများနဲ့မေလ ....... ၃
၄။ ခုတ်သားစများ ....... ၉
၅။ ညီမလေးမမမြင့် ....... ၂၁
၆။ စစ်အတွင်းက ကွဲသွားတဲ့သူငယ်ချင်း ညီအစ်ကိုတစ်တွေ ပြန်တွေ့တဲ့နေ့ ....... ၄၀
၉။ မြို့ကြီး ....... ၆၆
၁၃။ စကြဝဠာဆိပ်ကမ်းမှာ ....... ၇၀
၁၅။ ပန်းပု ....... ၇၂
၁၆။ ငါ့အမြိုက်တရား ....... ၇၃
၁၇။ နေ့လယ်စာ ....... ၇၆
၁၈။ မုဆိုး ....... ၈၀
၁၉။ သက်မဲ့သက်သေ ....... ၈၁
၂၀။ ခေါက်ရှာငှက်ကလေးများ ....... ၈၄
၂၁။ အနည်းလို အများစားခြေ ....... ၈၆
၂၂။ ဘုရားသခင်က ကြွေအန်မကစားခဲ့ဘူး ငါတို့တွေက ကြွေအန်ကစားခဲ့တယ် ....... ၉၀
၂၃။ ချစ်လှစွာသော လောကဓံတရား ....... ၉၂
၂၄။ အငွေ့ပျံနေ့ရက်များ ....... ၉၅
၂၅။ နေ့ဟောင်းများ ....... ၉၆




mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



၁၃၅၉ ခုနှစ်၊ တပေါင်းလပြည့်နေ့
မောင်ချောနွယ် ဟုခေါ်ပါသည်။

သူ့နှလုံးသားထဲက တက်လာသည်။
သူ့မှာ အနုပညာအကျီ ပါပါသည်။
မောင်ချောနွယ် ဟုခေါ်ပါသည်။
သူ သံမဏိလမ်းများမှ လာပါသည်။
သူ့မှာ ဖြူစင်နှလုံးသား ပါပါသည်။
ကမ္ဘာကြီးဟာ ငါ့တိုင်းပြည် ဖြစ်တယ်။
ငါ့တိုင်းပြည်ဟာ ငါ့အိမ်ယာ ဖြစ်တယ်။
ငါ့အိမ်ယာဟာ ငါ့ကဗျာတွေ ဖြစ်တယ်။
ငါ့ကဗျာတွေဟာ အမှန်တရား ဖြစ်တယ်။
အမှန်တရားဟာ ငါဖြစ်တယ်။

အယူမှန်သူအတွက် အယူခံမလို
ကမ္ဘာကြီးအတွက် ညတိုင်းညတိုင်း သီချင်းတွေ ဆိုခဲ့တယ်။
အေဒီ ၁၉၉၈၊ ပထမမြို့တော်ရန်ကုန်။ မြန်မာပြည်

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

သစ္စာပန်းများနဲ့ မေလ

* တစ်ဘဝ ကဗျာဆရာ
မဟုတ်ခဲ့တာ သေချာပြီ။

* ဘာတစ်ခုမှ မရှိတော့တဲ့ မေလမှာ
နောက်ထပ် ဘာမဆိုပေးလိုက်ရပြန်တဲ့ မေလမှာ
အဆင်မပြေမှုတွေ
အစီအစဉ်ကျနလွန်းတဲ့ မေလမှာ
အလကားရတဲ့ ညနေခင်းကတောင်
မထိမဲ့မြင် ပြုခံရသူ မေလမှာ

mgyoe.com

mgyoe.com


ဒုက္ခတွေ အဆုပ်လိုက် အဆုပ်လိုက်
ပွင့်အားကောင်းတဲ့ မေလမှာ
အားကြီးဖုန်ထတဲ့ လေပူထဲ
အနံ့အပြား စီးပွချင်တိုင်း ပွနေလွင့်နေတဲ့
လဲမှို့တွေလို မေလမှာ
အဆုပ်ပွပွ ညတွေရသူ မေလမှာ
သလိပ်ဖတ်လို
လမင်းကြီးကို မြင်မိသူ မေလမှာ
အပ်တစ်ဖျားထောက်စရာ မလပ်အောင်တဲ့
ဒဏ်ရာအပြည့်ခန္ဓာနဲ့ မေလမှာ
မေလပေါင်းများစွာ ပြန်လည်စုစည်းမိသူ မေလမှာ
အချိန်မှန် အတွင်းလူနာအဖြစ်
တင်ပို့ခံရသူ မေလမှာ
အပ်ဖျားထိပ်တစ်ခုပေါ် ရောက်ခဲ့ပေမဲ့လည်း
ပြန်လည်ကျန်းမာခွင့် မရှိတော့တဲ့ မေလမှာ
အသက်ရှင်တစ်ချက် မရှင်တစ်ချက် မေလမှာ

mgyoe.com

တောအလျှုတစ်ခုမှာ
လူချင်းတိုက်မိလို့ မတော်တဆ
ပန်းကန်ထဲက ဖိတ်ကျတဲ့
အသားတုံးအကျလေးလောက်မှ မစားရသူ မေလ
မနက်လင်းရင်
ကိုယ့်အသုဘ ကိုယ်ချပြီး
မြို့ကြီးထဲ ထွက်ခွာသွားရသူ မေလ
သူတစ်ပါးရဲ့ အသုဘမှာ
အခစားလိုက်ငိုရတဲ့ ငိုချင်းသည် မေလ
သူ့ကလေးတွေကို မုန့်ဝယ်မကျွေးနိုင်လို့
သူ့လက်မောင်းသွေး ဖောက်တိုက်ရှာသူ မေလ
နေ့ပြန်တိုးတွေ ဝက်အူစုပ်ခံရသူ မေလ
ဘဝရဲ့ ဘက်ထရီအခန်းတွေ
တော်တော်များများ ဖျက်ဆီးခံရသူ မေလ
အင်မတန်အကြွေးရဲတဲ့ ငပင်တွေအပေါ်
သူ့ အသက်ရှုငွေ့ကလေး
သွားတင်ထားမိတဲ့ မေလပေါ့။

mgyoe.com

mgyoe.com




2011

mgyoe.com

mgyoe.com


* မေလထဲကနေ
အသည်းနှလုံးကို ဆတ်ခနဲဆွဲထုတ်ပြီး
ဖဲသမားတစ်ယောက် ဖဲချပ်ကိုဆွဲထုတ်
လက်ဝါးထဲထည့်
ဖြန်းခနဲ ရိုက်ချလိုက်သလိုမျိုး
ရိုက်ချကြည့်လိုက်တဲ့အခါ
မေလက မေလကို
အသေသာ ပြန်ရလိုက်တဲ့ မေလမှာပေါ့။

ချော်ရည်ပူ ကျိုချွဲချွဲ နေ့လည်စာတွေ
ငမန်းတောင်ဆူး ကြမ်းပြင်တွေ
ဖြူတစ်ကောင်လို ခါချလိုက်လို့
ဖြူစုူးတွေ အကုန်ကွာကျသွားမယ့်
ဖြူဘဝ ရောက်ပြီ။

မေလရာ
ခါချလိုက်ပါ ဆိုရင်တောင်
အကြိမ် နှစ် သိန်း လေး သောင်းခါမှ
တစ်ကြိမ်သာ သူ့ဒုက္ခထူးများ ကွာကျနိုင်မယ့် မေလပေါ့။ ။

mgyoe.com

mgyoe.com



mgyoe.com

ခုတ်သားစများ

အချစ်ရေ . . .
ဒီဇင်ဘာကို နှုတ်ဆက်ဖို့
လိမ္မော်သီးတွေ ပါတယ်။

အချစ်ရေ . . .
ဇန်နဝါရီ (၁) ရက်နေ့ မနက်ခင်းအဖြစ်
မင်းထံလာခဲ့ပြီ။

အဆင်မပြေမှုဟာ
ဆေးပေါ့လိပ် မီးပွားတွေအဖြစ် လွင့်လာတယ်။

mgyoe.com

mgyoe.com

လက်ဆေးရေကန်ထဲမှာ
ပြန်ရှင်သန်လိုမှု ရှိသတဲ့လား
ဟုတ်တယ် ရှိတယ်လို့
မျက်နှာသစ်ခဲ့တဲ့ ခေတ်လူငယ်တစ်ယောက်က ပြောတယ်။

ခွက်တစ်ခုထဲမှာ
ရှိသင့်တဲ့ အမှန်တရားအတိုင်း
ရှိပစေ။

မိန်းမရဲ့ ခန္ဓာကိုယ်နဲ့
ထိတွေ့ရမှုမရှိ ရက်ကြာညောင်းတဲ့အခါ
ယောကျ်ားသားရဲ့ ခန္ဓာကိုယ်ဟာ
ကန္တာရတစ်ခုအဖြစ် အသွင်ပြောင်းလွဲရရှာတယ်။

မိန်းမရဲ့ ရင်သားတွေ
ဖွံ့ထွားဖို့ လိုတယ်။

mgyoe.com

ထွေးခံခွက်ထဲက စိတ်ထားတွေ ဘာလဲ
မိမိရဲ့ အပြုံးကို ရောင်းတန်းဖြစ်အောင်
ပြုံးပြုံး နေရမှာလား
ဝေးဝေးလံလံ ဒေသတစ်ခုက ငိုသံ
မည်သူမဆိုပေါ့ (ဘယ်သူမဆိုပေါ့)
ညကို ဝယ်ယူစားသုံးနိုင်တယ်
ပုပ်ပွကွဲပြဲ အားလုံးတလွဲတချော်တွေ
သင်းတို့ကို ဈေးကောင်းကောင်း ခေါ်လိုက်ရမလား
တရားနဲ့ ဖြေ
တရားနဲ့ ဖြေ
လိုတာ တောင်း
ရရင်ရ မရရင်
ရတာကို ယူ

ရှက်ကိုးရှက်ကန်း နေခြည်
လမ်းမတွေ
မိန်းမရဲ့ ရင်သားတွေနဲ့ တစ်ခါတစ်ခါတူတဲ့
လမ်းမတွေ
မှင်လိုက်အားမကောင်းတဲ့ ဖောင်တိန်ပေါ်မှာ
ဒေါသထားမိရတာတွေ။

mgyoe.com

mgyoe.com


မိမိရဲ့ သက်တမ်းတစ်ဝက်ဟာ
ကားရှောင်နေရတာနဲ့ ပြီးနေတယ်လို့
တစ်ခါတစ်ရံ တွေးမိတဲ့ အလေအလွင့်စိတ်တွေ
ဆိတ်ခြေထောက်စွပ်ပြုတ် တစ်ပွဲလောက်
သောက်ရဖို့ကို
အကြိမ်အတော်များများ မှာရ
လွဲချော်ရ
လွဲချော်ပြီး အေးစက်စက်ဖြစ်ခါမှ
မရိုးမရွ အောင့်သက်သက် သောက်ချလိုက်ရမှုတွေ။

နာရင် မနေဘူး
သာမှနေမယ်ဆိုတဲ့ စီရင်ချက်ကျပြီးသား အမှုကို
ထပ်ဖန်တလဲလဲ ပြန်ပြန်စီရင်နေမိတာတွေ။

ညှီစို့စို့ အနံ့ထွက်တဲ့ မေတ္တာပို့တွေ
အရေတစိမ့်စိမ့်ထွက်
အဆီငုံပျံနေတဲ့ ကပ်ဆိုက်မှုတွေ

mgyoe.com

စားကြွင်းစားကျန် ပန်းကန်ခွက်ယောက် မျက်နှာတွေ
ပြန်သောက်လို့ မရတော့တဲ့ သောက်ပြီးသား
ဆေးလိပ်တို မီးတက်တွေ
ဆိတ်နို့အုံသားနဲ့ ဝေးခဲ့ရတာတွေ
ဒါတွေဟာ
သရုပ်မှန်တွေတဲ့လား
ငါမနှစ်မြို့တဲ့ သရုပ်မှန်တွေပေါ့။

ညှံ့ဖျင်းလှတဲ့
ကြာဇံဟင်းတစ်ခွက်ကို
တစ်မနက်လုံး စောင့်စားခဲ့ရတာတော့
တကယ့်ကို နာလှပါတယ်။

ဆာလောင်တဲ့ အထုပ်ကို
ခန္ဓာကိုယ်ထဲ ထုပ်ပြီး
အမှတ် (၈) ဘတ်စ်ကားပေါ်
ကိုယ့်ကိုယ်ကိုယ် ဂေါ်ဇီထုပ်လို သဘောထား
ပစ်တင်ထိုးထည့် ကားစီးစေလိုက်တယ်။

မယူလိုရင်
တရားနဲ့ ဖြေ

mgyoe.com

ခုလို ငါတို့ခန္ဓာကိုယ်ထဲမှာ
အကြောတစ်ခုခု လွဲချော်နေခဲ့တာက
အားလုံးကောင်းဖို့ ဖြစ်တယ်။

အလင်းရောင်တစ်ခု အသည်းရောင်နေလေရဲ့
နေကာ မိုးကာ အရသာတွေ
လေညှင်းခံဝေဒနာတွေ ဘယ်မှာလဲ။

ရဲရဲနှိုက်ချလိုက်စမ်းပါ့ မိတ်ဆွေ
သိပ်သေချာပါတယ်
ငါတို့ လက်တွေက
အမြဲတမ်း အရောင်းထိုင်းပစ္စည်းတွေ
နှိုက်မိနေကျပဲ။

အစစ်
အစစ်ဟာ အစစ်မို့ ကောင်းသလို
အတုအယောင်ကလည်း ဆွဲဆောင်မှုအားကောင်းတာပဲမဟုတ်လား။

ပျော်မှားရတာ
ဘာပဲဖြစ်ဖြစ် ကောင်းသပေါ့။

mgyoe.com

mgyoe.com




ကိုက်တွေ တောင်တွေ၊ ပေ လက်မတွေ၊ ကီလိုမီတာတွေ
ကွန်ပျူတာတွေ
လျှပ်စစ်ဆားကစ်တွေ
ပြဒါးတိုင်တွေ
ဒီ ပစ္စည်းတွေတော့ လုံးလုံးမလိုဘူး။

သူတို့ စွမ်းသမျှ အင်ပိုင်ယာထဲ
ဒီ ဒုက္ခမရှိချေဘူး။

တစ်သက်လုံးကြီး မုန်းနေရတော့မှာလား
ပြီး
တစ်သက်လုံးကြီးပဲ ချစ်နေရမှာတဲ့လား
မဖြစ်သင့်ဘူးလို့ သဘောထားတယ်
အနံ့က ဆိုးလိုက်တာ။

mgyoe.com

mgyoe.com


ကားတစ်စီးရဲ့ လီဗာတဖြင်းဖြင်းနင်းသံလိုလည်း
စိတ်ပျက်ဖို့ ကောင်းတယ်
မိန်းမရေ
မင်းဟာ ငါ့အလုပ်ရှင်ပါပဲကွာ
ငါ့အနေနဲ့တော့ အလုပ်ရှင်ဆိုတာ
ဖားပေးရမယ်
အသနားခံပေးရမယ်
မျက်နှာချိုသွေးရမယ် . . . ပေါ့

အမြဲတမ်း စစ်စစ်မှန်မှန်ကြီးတော့လည်း
ဘယ်ဖြစ်နိုင်ပါ့မလဲကွာ
အသားလိုရင် အရိုးတောင်းတတ်ရမယ်
တစ်ခုပဲ
အရိုးတောင်းပြီးမှ အသားရ မသေချာရင်တော့
တို့တွေ ဒါက်ဆိုးတာပဲပေါ့။

လေသလပ်ခံထားတဲ့ ခါတ်သားတွေ
အဆာသွပ် မုန့်ထဲမှာ
မှားလို့မဆုံး မှန်လို့လည်း မဆုံးသေးတဲ့
ဘဝကို
ဆေးလိပ်ပြာခံ ခွက်ထဲမှာ
ခြွေလိုက်မိတာက စိတ်အပိုင်းအစတွေ။

mgyoe.com

အုန်းရုံတွေကို တစ်ချက်ချင်း ထိမှန်နေတဲ့
ပြင်းပျပျ ဆာလောင်မွတ်သိပ် ကျည်ဆံတွေ
မိန်းမရဲ့ အာသာဟာ
မြေမှာ၊ မြေပျော့နဲ့ ဆိုင်တယ်တဲ့
ဒါ ဟုတ်လား၊

လူတစ်ယောက် ဖွံ့ဖွံ့ထွားထွားကြီးထွားပြီး လူလားမြောက်ဖို့
ဟောဒါတွေ လိုပေရဲ့
(မာတင်ရှပ်အက်ဗျို)
စဉ်းလဲ ကောက်ကျစ်မှုစစ်စစ်
လှည့်ဖျားတတ်တဲ့ ပရိယာယ်ရေင်များများ
(စိတ်ဇင်နာရီ)

(ဒန်းလော့မွေ့ယာ)
အခုအခံ အတုယောင်နဲ့ သစ္စာမရှိမှု
စေတနာမဲ့မဲ့ ကြိမ်ချက်တွေ
ဒါတွေလိုပေရဲ့
ဆရာဝန်ရဲ့ ဓာတ်ခွဲမှုနဲ့တော့ ကွဲပြားရဲ့
ဒါမှ
ဘဝတစ်ခု စစ်စစ်မှန်မှန် ရေရှည်ခံမှာပေပဲ။

mgyoe.com

စောင့်ဆိုင်းခ ပေးချလိုက်ပါ
(ကြက်ကင်
ဒိန်ခဲ
ဝီစကီ
ဆီဒင်ကား)
အမှောင်ထုဟာ ဘယ်တော့မှ
မမြင်ချင်ယောင် ဆောင်မသွားတတ်ဘူး။

အရာအားလုံးဟာ အဖုံးလှပ်ထားခြင်းမရှိသေးဘူး
သူ့ ပိန်ကပ်ကပ် အိတ်ကပ်ထဲမှာ
ကာရံတွေ ရှိသတဲ့လား
သားဖွားဆရာမရဲ့လက် သားအိမ်ကို မွှေသလိုမွှေပြီး
နေ့များစွာကုန်ပေါ့။

မသိချင်ယောင် ဆောင်နေမှုရေ
ငါ မနေနိုင်တော့ဘူး။


mgyoe.com

လူ့နယ်ပယ်မှာ ပျော်စရာဆိုလို့
အရက်ပဲ ရှိတယ်လား
အသက်ဓာတ်ကတော့ ဖောဖောသီသီပဲလား
ကမ္ဘာကို ဖောက်ခွင်းလိုက်ရတာကတော့
ကဗျာဆရာပဲ ပေါ့ . . .။

လူတစ်ယောက်ကို သနားရတာ အားနာလှပေမဲ့
သူ့ကိုတော့ သနားလိုက်ပါရဲ့
ဝင်ငွေကောင်းတဲ့ အလောင်းတစ်လောင်း
မဖြစ်ခဲ့ရရှာဘူး
ဘယ်လိုမှ
အော့အန်စရာမရှိအောင်
ချို့ငဲ့ရရှာတယ်။
ပျောက်ဆုံးခဲ့တဲ့ နိဗ္ဗာန်ကို
(သူ့) ဒီစားပွဲပေါ်မှာ တွေ့ရှိတယ်။ ။

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


ညီမလေး မမမြင့်

(က)
မြောက်ကျွန်းသူ အတုလကာရီရဲ့
တစ်စလယ်ဝင် ထမင်းအိုးလေးဟာ
ရဟန္တာအပါး ၅၀၀ ကို
ဆွမ်းကပ်လှူနိုင်သတဲ့ကွ . . .

ညီမလေး မမမြင့်ရဲ့
ရွှေသားသံယောဇဉ်ကလည်း
ကိုယ့်ဘဝတစ်ခုလုံးကို
ကျန်းမာဝေဆာအောင်
ကဗျာဆရာဖြစ်အောင်
ဖြည့်စွမ်းပေးနိုင်ခဲ့ပါတယ်။

mgyoe.com

mgyoe.com

ညီမလေး မမမြင့်ရေ
မမြဲတဲ့ အနိစ္စတရားက မြဲလွန်း
တို့တွေ မောင်နှမလို နေကြမယ်ကွယ်။

သူငယ်ချင်း သုခမိန်ရေ
မင်းက ပဏ္ဍိတလမ်းမှာ နေတယ်
မင်းက သုခမိန်လမ်းမှာ နေတယ်ဆိုတော့
ငါ့အတွက် အင်နာဗွန်စီရယ်
အသည်းဆေး လစ်ဗိုလင်ရယ်
အင်နာဗွန်စီရယ် ဝယ်ဖို့
မြန်မာကျပ်ငွေ တစ်သောင်း အမြန်ပေးပါကွယ် . . .။

ညီလေး မောင်ပြည့်မင်းရေ
မင်းရဲ့ နောက်ဆုံးဒြပ်စင်ထဲက ဓာတ်လိုက်ဟာ
ငါပေါ့ကွာ
နောက်ဆုံးလက်ကျန် အရက်တစ်ခွက်ကို ငြင်းဆို
သီချင်းဆိုပြီး ပြန်ခဲ့တယ်
မင်းဟာ နာမည်နဲ့လိုက်အောင် ပြည့်ပြီး
မင်းဟာ နာမည်နဲ့လိုက်အောင် ပြည့်သူပါကွာ
ခုတော့ ဉက္ကလာပဟိုးမားမှာနော်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


ငွေကြာယံက ဖိမ်ခံတိုက်ကြီးနဲ့ သူငယ်ချင်း
ကိုကျော်လှိုင်ရေ
ကဗျာ့ အင်ဂျင်နီယာရင်းမှာ
ခင်ဗျားက
ကမ္ဘာခြားရဲ့ အသင်းဝင်တစ်ဦးပါ။

ငါ့တူလေး လူဆန်းရေ
မင်းကတော့ မော်တော်ဆိုင်ကယ်လေးတစ်စီး
စုန်ဆန်လို့ ပဲခူးနဲ့ ပုဂံစုန်ချည်ဆန်ချည်
ဗျတ္တရဲ့ ပန်းဆက်လမ်းမှာ
မင်းပန်းတွေ ဘာတွေဆက်ခဲ့ရဲ့လား
Mount ပုပ္ပားရဲ့ နေဝင်ချိန်တွေ
သိပ်လှတာပဲကွယ်။

mgyoe.com

mgyoe.com

တောင်ဆီမှာ မိုးတွေညို့ရင်
မောင်ဖီလာရယ် ငါ့ကို ပဲခူးကိုပို့ပါကွယ်
ရေထဲမြို့ကလေးက ညီလေး မောင်သက်ငြိမ်ရယ်
မင်းရဲ့ ကရင်ရွာက ဘုရားကျောင်းမှာ
ခေါင်းလောင်းသံလည်း မကြားရကြာပြီ
မင်းညီမလေးနဲ့ သမီးလေးရော နေကောင်းရဲ့လားကွာ
သော်ကဘုရားကြီးလည်း ဖူးချင်တယ်
ဝါးခယ်မဘုရားကြီးနဲ့ ပြန်မလော့မြစ်မှာ ရေချိုးချင်တယ်
လမုသီးလေးနဲ့ တောအရက်လေးကိုလည်း ဆန္ဒပြင်းပြင်းရှိတယ်
ပြန်မလော့မြစ်ရဲ့ နေဝင်ချိန်လေးကို ရှုစားချင်တယ်
ယောကျ်ားချင်းအချစ်နဲ့
ယောကျ်ားချင်း အချစ်ရှိခဲ့တယ်ဆိုရင်
အဲဒီဗိုင်းရပ်စ်ပိုးကို ငါအရင်တွေ့ရှိတာပါကွယ်။

မုံရွာက တင်ကိုကိုရေ
မင်းအရင်လို အချစ်တွေ ငါ့အပေါ်ရှိသေးရဲ့
ငါလာခဲ့မယ်ကွယ်။

mgyoe.com

mgyoe.com


မုံရွာက အညာသားလေး မင်းဆွေနှစ်ရေ
မင်းရဲ့ စူပါရှဖ်ကားလေးနဲ့ ငါ့ကို
မုံရွေးကြေးမုံကို ပို့ပါကွယ်
အဲဒီမှာ ဆရာကြီးမှိုင်းရဲ့ တော်လှန်ကဗျာတွေ ရှိတယ်ကွဲ့
တော်လှန်ကဗျာဆရာကြီး
တော်လှန်သောကဗျာတွေ အပွင့်ဆန်း
ချောင်းနံ့ဘေးမှာ အောင်ချမ်းသာ ဆီးသီးလေး ဘာလေးစားရင်း
သူများ မကောင်းကြောင်း ကိုယ့်မကောင်းကြောင်း
ကမ္ဘာကြီး မကောင်းကြောင်းတွေ ပြောကြတာပေါ့ကွာ။

အနီးစခန်းက ညီလေး မြတ်ဇော်ဦးရေ
မင်းရဲ့ ဂန္ဓာမာပန်းခြံထဲမှာ ဂစ်တာတစ်လုံးနဲ့
မာယာကော့စကီရဲ့ ကဗျာတွေ ရွတ်ရင်း
ကဗျာဆရာ ကွယ်လွန်ရင်
ကဗျာနဲ့ သရဏဂုံတင်ရတယ်ဆိုတာ
ငါပြောခဲ့တယ်လေ
မင်းကောင်းကောင်း မှတ်မိမှာပါ။

mgyoe.com

mgyoe.com


ဒုဋ္ဌဝတီမြစ်ကမ်း နံဘေးက
ကြွက်နဖားတောင်ကြီးရဲ့ နေဝင်ချိန်က သိပ်လှတာပဲကွယ်
ကင်မရာမင်းလေး မောင်စိုးရဲ့
ကြွက်နဖားတောင်ကြီးရဲ့ နေဝင်ချိန်တွေကို
မင်းရဲ့ အလှဆုံးရိုက်ချက်နဲ့ ရိုက်ခဲ့တယ်နော်
ငါ ကောင်းကောင်းမှတ်မိပါတယ်
နေဝင်ချိန် တိမ်တောက်လို့
ဖျိုကြောက်ပါတဲ့ ဒီအချိန်ဆိုသီကာ
လှည်းယဉ်ကြော့လေး မောင်းလို့
တောသူမလေးရဲ့ ရင်သိမ့်တုန်သံမှာ
တို့ရဲ့ သောတာရုံမှာ လွတ်လပ်ငြိမ်းစေခဲ့တယ်နော်။

ကိုသန်းထွန်း မုံရွာမီးရထား သံလမ်းနံဘေးက
လက်ဖက်ဆိုင် ကဖေးဆိုင်လေးမှာ
ရဲခဲ့ဘိ အစဉ်အလာနဲ့ အလံလွှင့်ထူ
ခင်ဗျား လက်နက်မချသေးဘူး မဟုတ်လား

mgyoe.com

mgyoe.com


ကျုပ် ဂုဏ်ယူတာ
ကုန်းဘောင်သူပုန် ဂဠုန်ဆရာစံ
ငုယင်ဗန်ထရိုင်း
အတိုင်းမသိတဲ့ တိုက်ပွဲမှာ ခင်ဗျားပါဝင်ခဲ့တယ်နော်
ဗိုလ်အောင်ကျော်
အို . . . ဟယ်ရီတန်
စီးအန့်ပွက်ပွက်
သင့် သွေးစက်သည်
ခေတ်သစ်ဆီကို ရော်ရည်နိုင်စေသတည်း။

မီးလိုပူကြွ ငါ့ရင်ဝက
တသခဲ့တဲ့ ငါ့ရင်ဝက တသခဲ့တဲ့ကဗျာ
အို . . . ဂျိုးဖြူရယ် ကူပါ့သံတွေ
လူ့မြေလှပစေလော့

mgyoe.com

ငါ့ရင်ဝက တသခဲ့တဲ့ကဗျာ
အော့ဖဝစ် အကျဉ်းစခန်းက
ညီသူငယ်ချင်း တင်အေးကြူ မောင်မှိုင်းလွင်ရေ
ခင်ဗျားရဲ့ ချစ်သူညီမလေး ခင်မိုးကျော်
ရွက်ကြွေတောအုပ်နဲ့ မိကျောင်းရဲ သုသာန်လေးက
စောင့်နေတယ်လေ
ခင်ဗျား လွမ်းသူ့ပန်းခွေချဖို့ ပြည်ကိုလာခဲ့ပါဦး
နှလုံးသားနဲ့ တည်ဆောက်ခဲ့ရတာက
ခေတ်ရယ်၊ ကမ္ဘာကြီးရယ်ပါ
ဒါပေမဲ့
ကမ္ဘာကြီးက ပြားပါတယ်ဗျာ။

ပင်လယ်ရေပြင် အမြင့်ပေ သုံးသောင်းကျော်က
ညီလေး မူးမူးရယ်
မင်း အနုပညာမှော်တွေ အောင်ခဲ့ပြီကွာ
မင်း ပထမကျော်တွေလည်း ရခဲ့ပြီကွယ်
သူငယ်ချင်း မင်းသစ်ရယ်၊ ရှယ်လီထွားရယ်
ကျွန်တော်တို့တစ်တွေ ဂစ်တာလေးတစ်လုံးနဲ့
ကျွန်တော်တို့တစ်တွေ ဂစ်တာတီး တေးဆိုကြမယ်ဗျာ
ဤ အိမ်တော်မှာ ကောင်းခြင်းမင်္ဂလာ ပြည့်စေသတည်း
ဤ အိမ်တော်မှာ ငြိမ်သက်ခြင်းလည်း ရှိပါစေပေါ့
ပျော်ရွှင်ခြင်းလည်း ရှိပါစေပေါ့။

mgyoe.com

mgyoe.com

တောင်သမန်အင်းက လေညင်းရယ်ဆော်
မောင်ပေါက်စည် မန်းတက္ကသိုလ်ရယ်
အိုင်ဗင်နော့ရယ်
ကျွန်တော်တို့တစ်တွေ တောင်သမန်အင်းမှာ
ငါးကြော်နဲ့ ထမင်းစားကြမယ်
ပြီးရင်
ဟောဒီလို တေးသီကြမယ်ဗျာ
ဟောဒီလို တေးသီကြမယ်ဗျာ
*“ငါသည် မှန်သော စပျစ်နွယ်ပင်ဖြစ်သည်*
*ငါ့ခမည်းတော်သည် ဥယျာဉ်မှူးဖြစ်ဖူးပြီး*
*အသီး မသီးသော အခက်ရှိသမျှ ခုတ်မည်တည်း*
*အသီး သီးသော အခက်တို့သာ တည်စေတော်မူသတည်း”*
သုံးကြိမ် သုံးခါ ဆိုပြီးသကာလ ငါးကြော်နဲ့ အင်းဘေးမှာ
ထမင်းကြော် လွေးကြတာပေါ့ဗျာ။

mgyoe.com

mgyoe.com


ဩော် . . .မောင်နှမထက်ကလေးကိုလည်း
သူ့ ငှက်ပျောဖက်ကလေး ခင်းကျင်းဆိုကာပေါ့ဗျာ
မြစ်ကြီးနားမြို့က လအောင်ရယ်
ဗြိတိသျှခေတ် စပုတ်တိုင်ကားကလေးနဲ့
မေခ မလိခ မြစ်နှစ်သွယ် ချစ်ကြိုးသွယ်ရာဆီ
သွားကြမယ်ကွယ်
မလိခရေစပ်က တောင်ဆိတ်ကလေးတွေကို
ရှုစားမယ်
မြစ်မင်း ဧရာဝတီရဲ့ တေးသီသံကို
နားသောတ ဆင်ကြမယ်ပေါ့ဗျာ
မလိခရေစပ်မှာ တောအရက် (ခေါင်ရည်) ပုလင်းလေး
ငါးလုံး
ငါးဆိုတာ ပဥ္စ၊ ပဥ္စဆိုတာ ဆေးဖက်ဝင်တယ်လို့
ခင်ဗျားတို့ သိကြမှာပါဗျာ။

mgyoe.com